Japan International Cooperation Agency

# ဂျပန်/JICA တို့၏ ပြန်လည်ပေးဆပ်ရန်မလိုသော ငွေကြေးအကူအညီဖြင့် တည်ဆောက်ပြီးစီးခဲ့သည့် မကွေးပြည်သူ့ဆေးရုံကြီး အဆင့်မြှင့်တင်ခြင်းစီမံကိန်း ၏ ဆေးရုံအဆောက်အဦးဆောက်လုပ်ပြီးစီးလွှဲပြောင်းခြင်း အခမ်းအနား

၂၀၂၀ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်

ဂျပန်နှင့်မြန်မာပူးပေါင်းမှုစီမံကိန်း တစ်ခုသည် မကွေးတိုင်းတွင် အကောင်အထည်ဖော်ပြီးမြောက်ခဲ့ပြီ ဖြစ်ပါသည်။ ဂျပန်အစိုးရ၊ ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန (MoHS)တို့ပူးပေါင်း ဆောင်ရွက်သော မကွေးပြည်သူ့ဆေးရုံကြီး အဆင့်မြှင့်တင်ခြင်းစီမံကိန်း ၏ ဆေးရုံအဆောက်အဦးဆောက်လုပ်ပြီးစီးလွှဲပြောင်းခြင်း အခမ်းအနားကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၂၇ ရက်တွင် Virtual Meeting စနစ်ဖြစ်ကျင်းပပြုလုပ်ခဲ့ပါသည်။

ဤစီမံကိန်းသည် မကွေးတိုင်းဒေသကြီးရှိ ပြည်သူများ ကျန်းမာစွာဖြင့် ပိုမို ကောင်းမွန်သောနေထိုင်မှုဘဝ ရရှိနိုင်စေရန်ရည်ရွယ်၍မကွေးပြည်သူ့ဆေးရုံကြီးတွင်ကျန်းမာရေးစောင့်ရှောက်မှုများအဆင့်မြင့်တင်ခြင်း ဖြစ်ပါသည်။ ၄င်းရည်ရွယ်ချက်နှင့်အတူ  သားဖွားနှင့်မီးယပ်အထူးကုဌာန၊ မွေးကင်းစကလေးယူနစ်၊ အထူးကြပ်မတ်ကုသဆောင် ၊ အရေးပေါ်ဌာနနှင့် ဇဟိုပိုးသန့်စင်ထောက်ပံ့ရေးဌာန တို့ပါဝင်သော သုံးထပ်အဆောက်အဦးသစ်ကြီး ဆောက်လုပ်ခြင်း အပြင် လိုအပ်သောစက်ပစ္စည်းကိရိယာများ ထောက်ပံ့ပေးခြင်းကိုလည်း  ဂျပန်နိုင်ငံ၏ပြန်လည်ပေးဆပ်ရန်မလိုသော ငွေကြေးအကူအညီ ဖြင့် ဂျပန်ယန်းငွေ ၂,၂၈၁,၀၀၀,၀၀၀ ထိအကုန်အကျခံကာ ဆောက်လုပ်လှူဒါန်းထားသော စီမံကိန်း တစ်ခုဖြစ်ပါသည်။ ဆေးကုသမှုလုပ်ငန်းဆောင်တာများ လွယ်ကူ အဆင်ပြေချောမွေ့စေရန်ရည်ရွယ်၍ ဆေးရုံအဆောက်အဦးသစ် မြေညီထပ်ရှိ အရေးပေါ်ဌာကို ဓါတ်မှန်ဌာန နှင့်လည်းကောင်း၊ ပထမထပ်တွင်ရှိသောဌာနများနှင့် လက်ရှိခွဲစိတ်ခန်းများကိုလည်းကောင်း စင်္ကြံလျှောက်လမ်းများနှင့် ချိတ်ဆက်ထားရှိပါသည်။

“ဂျပန်အစိုးရအနေဖြင့်မြန်မာနိုင်ငံတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဖော်ဆောင်နေသော လူတိုင်းလက်လှမ်းမှီ လွှမ်းခြုံနိုင်သောကျန်းမာရေးစောင့်ရှောက်မှု (UHC) ရရှိရေးကို အထောက်ကူပြုနိုင်ရန် ဦးတည်၍  ကျန်းမာရေးစောင့်ရှောက်မှုစနစ် အားကောင်းလာစေရန် ပြည်နယ်အဆင့် အဓိက လွှဲပြောင်းဆေးရုံများဖြစ်သော လွိုင်ကော်၊ လားရှိုး နှင့်ထားဝယ်ရှိ အထွေထွေဆေးရုံကြီးများ အဆင့်မြင့်တင်ခြင်း နှင့် ရန်ကုန်အထူးကုဆေးရုံအသစ်

Japan International Cooperation Agency

တည်ဆောက်ခြင်းတို့ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်” ဟု JICA မြန်မာရုံးမှ Chief Representative, Mr. Sakakura Noriji ပြောကြားခဲ့ပါသည်။

ထို့အပြင် JICA အနေဖြင့် MoHS ၏ အမျိုးသားကျန်းမာရေးစီမံကိန်းအကောင်အထည်ဖော်ရာတွင် ကူညီထောက်ပံ့ရန်အတွက်ကျန်းမာရေးစောင့်ရှောက်မှုနှင့်သက်ဆိုင်သည့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုတိုးမြှင့်ခြင်း၊ ဝန်ဆောင်မှုပေးခြင်း (စောက်ရှောက်မှုပေးသူ) နှင့်ရပ်ရွာပြည်သူများ (အစောင့် အရှောက်ခံပြည်သူ) ကိုထောက်ပံ့ခြင်းနှင့်တိုးမြှင့်ခြင်းကဲ့သို့သော အခြေခံကျသည့်မရှိမဖြစ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန် မြို့နယ်အဆင့်များတွင်လည်း ချဉ်းကပ်အကောင်အထည် လျက်ရှိပါသည်။

ဤရည်ရွယ်ချက်ဖြင့် မကွေးတိုင်းဒေသကြီးတွင် အခြေခံကျသည့်မရှိမဖြစ် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများအရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်အတွက် နည်းပညာပူးပေါင်းဆောင်ရွက်မှု စီမံကိန်းကိုဖော်ဆောင်၍ ပဏာမရွေးချယ်ထားသော ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများ တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

“ပြည်သူ့ကျန်းမာရေးအတွက်ပိုမိုကောင်းမွန်ပြည့်စုံတဲ့ကျန်းမာရေးစောင့်ရှောက်မှု တွေ လိုအပ်နေတော့ ဒီစီမံကိန်းကြီး အောင်အောင်မြင်မြင်ပြီးဖို့ကို မျှော်လင့်နေခဲ့ရတာပါ။ Covid19ကပ်ရောဂါကြီးမစခင်ကတည်း ဒီစီမံကိန်းကိုစခဲ့တာဆိုပေမယ့် အခုတော့ ကျန်းမာရေးစောင့်ရှောက်မှုစနစ် ပိုအားကောင်းဖို့အပြင် ကပ်ရောဂါကြီးကို အရေးပေါ်တုန့်ပြန်တဲ့နေရာမှာရော အကူအညီဖြစ်မယ်လို့ ကျွန်မအနေနဲ့ ယုံကြည်ပါတယ်”ဟု JICA မြန်မာရုံးမှ Senior Program Officer ဖြစ်သူ ဒေါ်ကေသွယ်အောင် က ဆိုပါတယ်။

COVID 19ကူးစက်ရောဂါဖြစ်ပွားမှုကိုတုန့်ပြန်သည့်အနေဖြင့်ဂျပန် / JICA အနေဖြင့် ရောဂါရှာဖွေရာတွင် ဓာတ်ခွဲခန်းအတွက် လိုအပ်သော ပစ္စည်းကိရိယာများ ထောက်ပံ့ပေးခြင်း နည်းပညာအကူအညီများပေးခြင်း ၊ဆေးရုံများတွင် ရောဂါကာကွယ်ရေးနှင့်ကုသမှု အတွက် လိုအပ်သောပစ္စည်းကိရိယာများနှင့်နည်းပညာအကူအညီများပေးခြင်းဖြင့်ကျန်းမာရေးကဏ္ဍ တွင်ပူးပေါင်း ဆောင်ရွက်မှုကိုအရှိန်မြှင့်တင်လျက်ရှိသည်။

ဤပံ့ပိုးမှုများသည် မြန်မာနိုင်ငံရှိပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုကို တိုးတက်စေပြီး မြန်မာနှင့်ဂျပန် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေမည်ဟုယုံကြည်ပါသည်။